# aumavmoloOj'pm

၁ ဘုရားသခင်၏အလိုတော်အားဖြင့် ခရစ်တော်
၏တမန်တော်တစ်ပါးဖြစ်သောပေါလုနှင့် ခရစ်
တော်၌ငါတို့ညီ တိမောသေတို့ထံမှ ၂ ကောလော
သဲမြို့၌ရှိသော ခရစ်တော်၌ သန့်ရှင်း၍သစ္စာရှိသော
ညီအစ်ကိုမောင်နှမများတို့အား နှုတ်ဆက်ပါ၏။
ငါတို့၏အဖ တည်းဟူသော ဘုရားသခင်ထံတော်
မှ ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့် ငြိမ်သက်ခြင်း
သည် သင်တို့၌ ရှိပါစေသော။

၃ ငါတို့၏ဆုတောင်းချက်များတွင် သင်တို့အ
တွက် ငါတို့သည် အစဉ်မပြတ်ဘုရားသခင်၏ကျေး
ဇူးတော်ကို ချီးမွမ်း၏။ ဘုရားသခင်သည် ငါတို့
သခင်ယေရှုခရစ်တော်၏ အဖခမည်းတော်ဖြစ်၏။
၄ ငါတို့သည်ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
၏။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်ယေရှု၌သင်
တို့၏ယုံကြည်ခြင်းအကြောင်းနှင့် ဘုရားသခင်၏
လူအားလုံးတို့အပေါ်ရှိ သင်တို့၏ချစ်ခြင်းမေတ္တာ
အကြောင်းတို့ကို ငါတို့သည် ကြားရသောကြောင့်
ဖြစ်၏။ ၅ သင်တို့၌ မျှော်လင့်ခြင်းရှိသောကြောင့်
သင်တို့သည် ခရစ်တော်၌ ယုံကြည်ခြင်းရှိ၍ ဘုရား
သခင်၏လူတို့ကို ချစ်ကြ၏။ သင်တို့မျှော်လင့်သော
အရာများတို့သည် သင်တို့ကို ကောင်းကင်ဘုံသို့
တိုင်အောင် ကယ်တင်တော်မူမည်အကြောင်းသင်
တို့သိကြ၏။ သင်တို့သည် သမ္မာတရားအားဖြင့် သွန်
သင်သော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ကြားရကြသောအခါ ဤယုံကြည်ခြင်းအကြောင်းကို
သင်တို့သည် နည်းခံသင်ယူကြ၏။ ထိုအရာမှာ သင်
တို့အား ဟောပြောသောတရားဖြစ်၏။ ၆ ထိုဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းသည် ကမ္ဘာပေါ်ရှိ
နေရာတိုင်း၌ ကောင်းချီးမင်္ဂလာများကို ယူဆောင်
လာကြ၍ ကြီးထွားလျက်ရှိ၏။ သင်တို့သည် ဝမ်း
မြောက်စရာသတင်းကောင်းကို ကြားရကြပြီး ဘုရား
သခင်၏ကျေးဇူးတော် *(ကြင်နာခြင်း)* အကြောင်း
သမ္မာတရားကို နားလည်ကြသောအချိန်မှစ၍ ထို
အရာနည်းတူ သင်တို့၌လည်း ဖြစ်ပျက်လျက်ရှိ၏။
၇ သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်အ
ကြောင်းကို ဧပဖြထံမှ သင်ယူရကြ၏။ ဧပဖြသည်
ငါတို့နှင့်အတူ လုပ်ဆောင်၍ ငါတို့သည် သူ့ကို
ချစ်ကြ၏။ သူသည် ငါတို့အတွက် ခရစ်တော်၌
သစ္စာရှိသော အစေခံကျွန်တစ်ပါးဖြစ်၏။ ၈ သင်တို့
သည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ချစ်ခြင်း
မေတ္တာ ရှိကြသည့်အကြောင်းကို ဧပဖြသည် ငါတို့
အား ပြောပြခဲ့၏။

၉ ငါတို့သည် သင်တို့အကြောင်းကိုကြားရသော
နေ့မှစ၍ သင်တို့အတွက် အစဉ်မပြတ် ဆုတောင်း
လျက်ရှိကြ၏။ ငါတို့သည်သင်တို့အတွက်ဆုတောင်း
သောအရာများမှာ

သင်တို့သည် ဘုရားသခင်အလိုရှိသော
အရာများကို အပြည့်အဝသိလိမ့်မည်၊
သင်တို့၏ပညာအားဖြင့် သင်တို့သည်
ကြီးမားသောဉာဏ်ပညာနှင့်
ဝိညာဉ်ပိုင်းနှင့်ဆိုင်သောအရာများကို
နားလည်ခြင်းရှိကြလိမ့်မည်။
၁၀ သင်တို့သည် ဤအရာများတို့ကို
အသုံးပြု၍ အရာရာတိုင်း၌
သခင်ဘုရားကို ချီးမွမ်းခြင်းနှင့်
သူ့အားရနှစ်သက်စေခြင်းတို့ကို
ဖြစ်စေသောအသက်တာ၌
ကျင်လည်ရပါမည်။
သင်တို့သည် ကောင်းသောအရာ
အမျိုးမျိုးကို ပြုကြ၍
ဘုရားသခင်ကို သိသောဉာဏ်၌
တိုးပွားကြီးထွားကြရမည်။
၁၁ ဘုရားသခင်သည် မိမိ၏ ကြီးမားသော
တန်ခိုးအားဖြင့် သင်တို့ကို ခွန်အားနှင့်
ပြည့်စုံစေတော်မူလိမ့်မည်။
သင်တို့သည် စိတ်ရှည်သည်းခံခြင်းရှိ၍
စိုးရိမ်ပူပန်ခြင်းရောက်သောအခါ
ဆုံးရှုံးခြင်းသို့ မရောက်စေရန်
ဘုရားသခင်သည် သင်တို့ကိုခွန်အားနှင့်
ပြည့်စုံစေတော်မူလိမ့်မည်။

ထို့နောက် သင်တို့သည် ဝမ်းမြောက်ခြင်းရှိကြ
လိမ့်မည်။ ၁၂ အဖခမည်းတော်၏ ကျေးဇူးတော်ကို

ချီးမွမ်းရကြမည်။ သူသည် သင်တို့အတွက်ပြင်ဆင်
ပေးသောအရာများတို့ကို သင်တို့သည် ပိုင်ဆိုင်
နိုင်မည်အကြောင်း သူသည် ပြုတော်မူမည်။ သူ
သည် ဤအရာအားလုံးကို အလင်း(*ကောင်းမြတ်*
*ခြင်း*)၌နေသော မိမိ၏လူအားလုံးအတွက်ပြင်ဆင်
ထား၏။ ၁၃ ဘုရားသခင်သည် ငါတို့ကို မှောင်မိုက်
(*အပြစ်ဒုစရိုက်*)၏ တန်ခိုးမှ လွတ်မြောက်စေရန်
ဖန်ဆင်းတော်မူ၏။ သူသည် ငါတို့အား မိမိချစ်
သောသားတော်(*ယေရှု*)၏ နိုင်ငံတော်ထဲသို့ ယူ
ဆောင်လာခဲ့၏။ ၁၄ ငါတို့သည် လွတ်မြောက်ခြင်း
ရှိစေရန် အဖိုးအခကို ထိုသားတော်သည် ပေးဆပ်
တော်မူ၏။ သူ့အားဖြင့် ငါတို့၏အပြစ်ကို လွှတ်
တော်မူ၏။

**ခရစ်တော်ကို ကြည့်သောအခါ**
**ဘုရားသခင်ကို မြင်ရခြင်း**

၁၅ မည်သူမျှ ဘုရားသခင်ကို မမြင်နိုင်။ သို့ရာ
တွင် ယေရှုသည် ဘုရားသခင်နှင့်အမှန် တူ၏။
ယေရှုသည် ဖန်ဆင်းသမျှအရာခပ်သိမ်းတို့ကို အုပ်
ချုပ်တော်မူ၏။ ၁၆ ကောင်းကင်ဘုံ၌ ရှိသောအရာ
များ၊ မြေကြီးပေါ်တွင် ရှိသောအရာများ၊ မြင်နိုင်
သောအရာများ၊ မမြင်နိုင်သောအရာများ၊ ဝိညာဉ်
ပိုင်းဆိုင်ရာတန်ခိုးများအားလုံး၊ အာဏာစက်များ၊
သခင်များနှင့်အုပ်စိုးသောသူများစသည့်ခပ်သိမ်း
သောအရာများကို သူ၏တန်ခိုးတော်အားဖြင့် ဖန်
ဆင်းတော်မူ၏။ ခပ်သိမ်းသောအရာတို့သည်
ခရစ်တော်အားဖြင့် ဖန်ဆင်းတော်မူ၍ ခရစ်တော်
အတွက်ဖြစ်တော်မူ၏။ ၁၇ မည်သည့်အရာတစ်စုံ
တစ်ခုကိုမျှ မဖန်ဆင်းခြင်းမီ ခရစ်တော်ရှိတော်မူ
၏။ ခပ်သိမ်းသောအရာတို့သည် သူ့အားဖြင့် တည်
ရှိကြ၏။ ၁၈ ခရစ်တော်သည် ကိုယ်ခန္ဓာ၏ ဦးခေါင်း
ဖြစ်တော်မူ၏။ (ကိုယ်ခန္ဓာသည် အသင်းတော်ဖြစ်
တော်မူ၏)။ ခပ်သိမ်းသောအရာတို့သည် သူ့ထံမှ
လာကြ၏။ သူသည် သေခြင်းမှ ထမြောက်တော်မူ
သော သခင်ဖြစ်တော်မူ၏။ ထို့ကြောင့် ခပ်သိမ်း
သောအရာတို့တွင် ခရစ်တော်သည် အရေးအကြီး
ဆုံးဖြစ်တော်မူ၏။ ၁၉ ဘုရားသခင်သည် ခရစ်တော်
၌အသက်ရှင်သောသူအားလုံးအပေါ် အားရနှစ်
သက်တော်မူ၏။ ၂၀ ဘုရားသခင်သည် မြေကြီးပေါ်
တွင် ရှိသမျှသောအရာများနှင့် ကောင်းကင်၌ရှိ
သောအရာအားလုံးတို့ကို သူ့ထံတော်သို့ တစ်ဖန်
ယူဆောင်လာရာတွင် ဝမ်းမြောက်တော်မူ၏။ဘုရား
သခင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်
၏အသွေးတော်(*အသေခံခြင်း*)အားဖြင့် ရန်ကိုငြိမ်း
စေတော်မူ၏။

၂၁ တစ်ချိန်တစ်ခါက သင်တို့သည် ဘုရားသခင်
ထံမှ ဝေးကွာခဲ့ရကြ၏။ သင်တို့၏စိတ်နှလုံးများ၌
သင်တို့သည် ဘုရားသခင်၏ ရန်သူများဖြစ်ကြ၏။
အဘယ်ကြောင့်ဆိုသော် သင်တို့ပြုခဲ့သော ဆိုးညစ်
သောအရာတို့သည် ဘုရားသခင်ကို ဆန့်ကျင်၏။
၂၂ သို့သော်လည်း ယခုတွင် ခရစ်တော်သည် သင်တို့
အား ဘုရားသခင်၏မိတ်ဆွေများဖြစ်စေပြန်၏။ ခရစ်
တော်သည် ကိုယ်ခန္ဓာ၌ ရှိနေစဉ် ထိုအရာကိုပြုတော်
မူခဲ့၏။ ထို့ကြောင့် သူသည် သင်တို့အားဘုရားသခင်
ရှေ့တော်သို့ ယူဆောင်လာနိုင်၏။ သူသည် သင်တို့
အား ဘုရားသခင်ထံတော်သို့ ယူဆောင်လာရာတွင်
သင်တို့သည် အမှားအယွင်းအလျှင်းမရှိ။ ဘုရား
သခင်သည် သင်တို့အား အပြစ်ရှိသည်ဟူ၍ တရား
စီရင်ခြင်း ကင်းလွတ် လျက် သန့်ရှင်းသောသူအ
ဖြစ်၌ ခေါ်ဆောင်လာခြင်းဖြစ်၏။ ၂၃ သင်တို့ကြားခဲ့
ရသော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကိုသင်
တို့သည် ဆက်လက်၍ ယုံကြည်လျှင် ခရစ်တော်
သည် ထိုအရာကို ပြုတော်မူလိမ့်မည်။ သင်တို့
သည် ဆက်လက်၍ ခွန်အားနှင့်ပြည့်စုံကာ သင်
တို့၏ ယုံကြည်ခြင်း၌ သေချာခိုင်ခံ့ခြင်းရှိရမည်။
ဝမ်းမြောက်စရာသတင်းကောင်းသည်သင်တို့အား
ပေးတော်မူသော မျှော်လင့်ခြင်းမှ အဝေးသို့ ရွေ့
လျော့ခြင်းမရှိရ။ ထိုဝမ်းမြောက်စရာသတင်းကောင်း
သည်ဤကမ္ဘာပေါ်၌ရှိသောလူအားလုံးတို့ကိုဟော
ပြောပြီးဖြစ်၏။

**အသင်းတော်အတွက် ပေါလု၏လုပ်ဆောင်ချက်**

၂၄ ငါသည် သင်တို့အတွက် ဆင်းရဲဒုက္ခခံရ
သောကြောင့် ဝမ်းမြောက်ခြင်းရှိ၏။ ခရစ်တော်သည်
သူ၏ကိုယ်ခန္ဓာဖြစ်တော်မူသော အသင်းတော်အား
ဖြင့် ဆင်းရဲဒုက္ခကို များစွာသောအရာများ၌ ခံစား
လျက်ရှိသေး၏။ ထိုဒုက္ခဆင်းရဲဟူသော ငါ ခံစားရ
မည့် ဤအရာများတို့ကို ငါသည် လက်ခံလျက်
ရှိ၏။ ငါသည် ဤဒုက္ခဆင်းရဲခြင်းများကို ငါ၏ ကိုယ်
ခန္ဓာထဲ၌ လက်ခံ၏။ ငါသည် သူ၏ ကိုယ်ခန္ဓာဖြစ်
သော အသင်းတော်အတွက် ဒုက္ခဆင်းရဲခြင်းများ
ကို လက်ခံ၏။ ၂၅ ငါသည် အသင်းတော်၏အစေခံ
ကျွန်တစ်ယောက်ဖြစ်လာခဲ့၏။ အဘယ်ကြောင့်ဆို
သော် ဘုရားသခင်သည် ငါ့အား အမှုဆောင်ရန်
အထူးတာဝန်ကို အပ်ပေးတော်မူ၏။ ဤအမှုသည်
သင်တို့ကို ကူညီ၏။ ငါ၏အမှုမှာ ဘုရားသခင်၏

တရားတော် သွန်သင်တော်မူချက်တို့ကို စုံလင်စွာ
ဟောပြောရန် ဖြစ်၏။ ၂၆ ဤသွန်သင်တော်မူခြင်း
တရားသည် အစအဦးကတည်းက ဖုံးကွယ်တော်
မူသောလျှို့ဝှက်နက်နဲသည့် သမ္မာတရားဖြစ်၏။ ဤ
သမ္မာတရားသည် လူအားလုံးတို့ထံမှ ဖုံးကွယ်ထား
တော်မူခဲ့၏။ သို့သော်လည်း ယခုတွင် ထိုလျှို့ဝှက်
နက်နဲသော သမ္မာတရားသည် ဘုရားသခင်၏ သန့်
ရှင်းသူတို့အား သိစေတော်မူ၏။ ၂၇ ဘုရားသခင်
သည် ထိုကြွယ်ဝချမ်းသာခြင်းနှင့် ဘုန်းကြီးတော်
မူသောသမ္မာတရားကို မိမိ၏လူတို့အား သိစေရန်
ဆုံးဖြတ်တော်မူ၏။ ထိုကြီးမားသော သမ္မာတရား
သည် လူအားလုံးတို့အတွက်ဖြစ်၏။ ထိုသမ္မာတရား
မှာ သင်တို့၏အထဲ၌ရှိသော ခရစ်တော်ကိုယ်တော်
တိုင်ပင် ဖြစ်တော်မူ၏။ သူသည်သာလျှင် ငါတို့၏
မျှော်လင့်ခြင်း ဘုန်းအသရေတော်ဖြစ်သည်။ ၂၈ ထို့
ကြောင့် ငါတို့သည် လူတို့အား ခရစ်တော်အကြောင်း
ကို ဆက်လက်၍ဟောပြောရပါမည်။ ငါတို့သည်
ခပ်သိမ်းသောသူတို့အား ခွန်အားနှင့် ပြည့်စေရန်
နှင့် ခပ်သိမ်းသောသူတို့ကို သွန်သင်ရန် ခပ်သိမ်း
သောပညာကို အသုံးပြုကြ၏။ ငါတို့သည် လူအားလုံး
တို့ကို ဘုရားသခင်ရှေ့တော်သို့ ယူဆောင်လာကြ
ရန် ကြိုးစားလျက်ရှိကြ၏။ ထိုသူတို့သည် ခရစ်တော်
၌ကြီးထွား၍ ဝိညာဉ်ပိုင်း၌ ရင့်ကျက် *(ပြည့်စုံ)* သော
သူတို့ကဲ့သို့ဖြစ်စေရန်လည်း ကြိုးစားလျက်ရှိကြ၏။
၂၉ ထိုအမှုကိုပြုရန် ခရစ်တော်သည် ငါ့အား ပေး
တော်မူသော ကြီးမားသည့် ခွန်အားကို အသုံးပြု
လျက် ရုန်းကန်လှုပ်ရှားရ၏။ ထိုခွန်အားသည် ငါ၏
ဘဝအသက်တာထဲ၌ အလုပ်လုပ်လျက်ရှိ၏။

၂ ငါသည် အလွန်ကြမ်းတမ်းခဲယဉ်းစွာကြိုးစား၍
သင်တို့အား ကူညီနေသည်အကြောင်း သင်တို့
သိရန် ငါအလိုရှိ၏။ ငါသည် လောဒိကိမြို့၌ရှိသော
သူတို့နှင့် ငါ့အား တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး
သော အခြားသူတို့ကိုလည်း ကူညီရန် ကြိုးစားလျက်
နေ၏။ ၂ ငါသည် သူတို့ကို ခွန်အားနှင့်ပြည့်စုံစေ၍
ချစ်ခြင်းမေတ္တာနှင့်တကွ ပူးပေါင်းဆက်ဆံကြရန်
အလိုရှိ၏။ ငါသည် သူတို့အား နားလည်ခြင်းမှလာ
သော အားကြီးသောယုံကြည်ခြင်းနှင့်ကြွယ်ဝချမ်း
သာကြရန် အလိုရှိ၏။ ထိုသို့ဆိုသော် ဘုရားသခင်
သိတော်မူသော လျှို့ဝှက်နက်နဲသည့် သမ္မာတရား
ကို သင်တို့သည် အပြည့်အဝသိစေရန် ငါအလိုရှိ
သည့်အကြောင်း ငါဆိုလိုခြင်းဖြစ်၏။ ၃ ခရစ်တော်၌
ပညာနှင့် ဉာဏ်ရှိသမျှသော ဘဏ္ဍာများအားလုံး
တို့ကို လုံခြုံစွာဝှက်ထားလျက်ရှိ၏။ ၄ ငါသည် သင်
တို့အား ဤအရာများတို့ကို ဟောပြော၏။ ထို့ကြောင့်
သင်တို့ကို မည်သူကမျှ ကောင်းသည်ဟု ထင်ရ
သည့် မှားယွင်းသောအကြံဉာဏ်တို့ကို ပြောဆိုခြင်း
အားဖြင့် မလှည့်ဖြားစေနိုင်ကြ။ ၅ ငါသည် ထိုနေရာ
၌ သင်တို့နှင့်အတူ မရှိသော်လည်း ငါ၏စိတ်နှလုံး
သည် သင်တို့နှင့်အတူရှိ၏။ ငါသည် သင်တို့၏
ကောင်းသောအသက်တာများနှင့် ခရစ်တော်၌
သင်တို့၏ အားကြီးသော ယုံကြည်ခြင်းတို့ကို တွေ့
မြင်ရန် ဝမ်းမြောက်ခြင်းရှိ၏။

**ခရစ်တော်၌ ဆက်လက်၍အသက်ရှင်ခြင်း**

၆ သင်တို့သည် သခင်ယေရှုခရစ်တော်ကို
လက်ခံကြ၏။ ထို့ကြောင့် သင်တို့သည် မည်သည့်
အရာကိုမျှပြောင်းလဲစေခြင်းမရှိဘဲ သူ၏နောက်ကို
ဆက်လိုက်ကာ အသက်ရှင်ကြပါ။ ၇ သင်တို့သည်
ခရစ်တော်အပေါ်၌သာ မှီခိုခြင်းရှိရကြမည်။ အသက်
နှင့် ခွန်အားသည် ကိုယ်တော်ထံတော်မှ လာ၏။
သင်တို့သည် သမ္မာတရား၏သွန်သင်တော်မူခြင်း
ကို ခံရကြ၏။ သင်တို့သည် ထိုစစ်မှန်သော သွန်
သင်ခြင်း၌ ဆက်လက်၍ မြဲမြံကြရမည်။ အစဉ်
မပြတ်ကျေးဇူးတော်ကို ချီးမွမ်းကြရမည်။

၈ မည်သူ ကမျှ သင်တို့အား မှားယွင်းသော
သွန်သင်ခြင်း နှင့်အဓိပ္ပာယ်မဲ့အချည်းနှီးသောစကား
များဖြင့် လမ်းလွှဲစေကာ အဝေးသို့ခေါ်ဆောင်မသွား
စေရန် သတိပြုကြပါ။ ထိုမှားယွင်းသော သွန်သင်
ခြင်းများသည် လူတို့ထံမှ လာ၏။ ခရစ်တော်ထံမှ
မဟုတ်။ ထိုသွန် သင်ခြင်းများသည် ဤလောက၌
ရှိသော လူတို့၏ အသုံးမရသော အကြံအစည်သွန်
သင်ခြင်းသာလျှင်ဖြစ်၏။ ၉ ဘုရားသခင်၏အသက်ရှင်
ခြင်းအားလုံးတို့သည် ခရစ်တော်၌ပြည့်စုံလျက်ရှိ၏။
(မြေကြီးပေါ်၌ ခရစ်တော်၏ အသက်ပင်လျှင် ဖြစ်
၏။) ၁၀ သင်တို့သည် ခရစ်တော်၌ ပြည့်စုံကြ၏။
သင်တို့သည် အဘယ်အရာကိုမျှ ထပ်၍မလို။ ခရစ်
တော်သည် အုပ်စိုးသောသူအားလုံးနှင့် တန်ခိုးရှိ
သမျှ အားလုံးတို့အပေါ်၌ အုပ်စိုးသောသူဖြစ်၏။

၁၁ သင်တို့သည် ခရစ်တော်၌ခြားနားသောအရေ
ဖျားလှီးခြင်းမျိုးရှိကြ၏။ ထိုအရေဖျားလှီးခြင်းမှာ
မည်သူတစ်ဦးတစ်ယောက်၏လက်ဖြင့်မျှပြုလုပ်ခြင်း
မဟုတ်။ သင်တို့သည် ဇာတိပကတိထုံးစံ၏တန်ခိုး
မှ လွတ်မြောက်ပြီးဖြစ်ကြောင်း ငါဆိုလို၏။ ထိုအရာ
မှာ ခရစ်တော်ပြုပြင်တော်မူသော အရေဖျားလှီးခြင်း
မျိုးဖြစ် ၏။ ၁၂ သင်တို့သည် ဗတ္တိဇံကို ခံသောအခါ

သင်တို့၏ဇာတိဟောင်းသည် သေ၍ သင်တို့သည်
ခရစ်တော်နှင့်အတူသင်္ဂြိုဟ်ပြီးဖြစ်၏။ ထိုဗတ္တိဇံခံခြင်း
တွင် သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်
ပြီး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏
တန်ခိုးတော်၌ သင်တို့၏ ယုံကြည်ခြင်းကြောင့်ဖြစ်
၏။ ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှ
ထမြောက်စေတော်မူသောအခါ မိမိ၏တန်ခိုးတော်
သည်ထင်ရှားတော်မူ၏။ ၁၃ သင်တို့၏အပြစ်ဒုစရိုက်
များကြောင့်လည်းကောင်း၊ သင်တို့၏ဇာတိပကတိ
တန်ခိုးမှလွတ်မြောက်ခြင်းမရှိသောကြောင့်လည်း
ကောင်း သင်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ အသေ
ဖြစ်ကြ၏။ သို့သော်လည်း ဘုရားသခင်သည် သင်
တို့ကို ခရစ်တော်၌ အသက်ရှင်စေတော်မူ၏။ ဘုရား
သခင်သည် ငါတို့၏အပြစ်များအားလုံးတို့ကို ခွင့်
လွှတ်တော်မူ၏။ ၁၄ ငါတို့သည် ခရစ်တော်၏ပညတ်
တရားတော်ကို ချိုးဖောက်ခဲ့ကြသောကြောင့် ငါတို့
၌ အကြွေးရှိခဲ့ကြ၏။ ထိုအကြွေးကို ပညတ်တရားရှိ
သမျှတို့၌ စာရင်းမှတ်လျက်ရှိ၍ ငါတို့သည် လိုက်
လျှောက်ရန် မတတ်နိုင်ကြ။ သို့သော်လည်း ဘုရား
သခင်သည် ငါတို့၏အကြွေးကို ခွင့်လွှတ်တော်မူ
၏။ ဘုရားသခင်သည် ထိုအကြွေးကို အဝေးသို့ယူ
သွား၍ လက်ဝါးကပ်တိုင်ပေါ်၌ သံဖြင့် ရိုက်ထား
တော်မူ၏။ ၁၅ ဘုရားသခင်သည် ဝိညာဉ်ပိုင်းဆိုင်
ရာအုပ်စိုးသူများနှင့် တန်ခိုးများတို့ကို အောင်နိုင်
တော်မူ၏။ ဘုရားသခင်သည် ထိုအုပ်စိုးသူများနှင့်
တန်ခိုးများကိုလက်ဝါးကပ်တိုင်တော်အားဖြင့်အောင်
နိုင်တော်မူ၏။ ဘုရားသခင်သည် လောကီသားတို့
တွင် တန်ခိုးကင်းမဲ့သည်ကို ဖော်ပြတော်မူ၏။

**လူတို့ပြုလုပ်သော စည်းမျဉ်းဥပဒေများ နောက်လို့ မလိုက်ကြနှင့်**

၁၆ ထို့ကြောင့် စားသောက်ခြင်း၊ ယုဒထုံးစံအတိုင်း
ပွဲနေ့၊ ဥပုသ်နေ့များကို စောင့်ခြင်းအားဖြင့် သင်တို့
ကိုမည်သူ၏ မလွှမ်းမိုးစေနှင့်။ ၁၇ လွန်ခဲ့ပြီးသောအချိန်
၌ ထိုအရာများသည် ဖြစ်လာမည့်အရာကို ဖော်ပြ
သောအရိပ်ကဲ့သို့ဖြစ်ကြ၏။ ထိုအရာများကို ခရစ်
တော်၌ တွေ့မြင်ရ၏။ ၁၈ အချို့သောသူတို့သည်
ကောင်းကင်တမန်များကို ကိုးကွယ်ခြင်း၌ ပျော်
မွေ့ကြ၏။ ထိုသူတို့သည် သူတို့မြင်တွေ့ရသော
ရူပါရုံများအကြောင်းကို အစဉ်ပြောတတ်ကြ၏။ ထို
သူတို့က သင်တို့အား “ထိုအရာများကို မပြုကြနှင့်၊
သင်တို့ မှားလိမ့်မည်”ဟု ပြောခွင့် မပေးကြနှင့်။
ထိုသူတို့သည် ဘုရားသခင်၏အကြံအစည်တော် မ
လိုက်၊ လူတို့၏အကြံအစည်အတိုင်းသာ တွေးထင်
ကြသောကြောင့် သူတို့သည် မိုက်မဲ၍ ဝါကြွားခြင်းနှင့်
ပြည့်ကြ၏။ ၁၉ ထိုသူတို့သည် ဦးခေါင်းတော်(ခရစ်
တော်)၏ထိန်းချုပ်မှုအောက်၌ ကိုယ်ကိုယ်ကိုဆက်
ကပ်အပ်နှံခြင်းမရှိကြ။ ကိုယ်ခန္ဓာတစ်ခုလုံးသည်
ခရစ်တော်၌ မှီခိုလျက်ရှိ၏။ ခရစ်တော်အားဖြင့်
ကိုယ်ခန္ဓာအစိတ်အပိုင်းတို့သည် အချင်းချင်းစောင့်
ရှောက်ကူညီကြ၏။ ဤသို့ဖြင့် ကိုယ်ခန္ဓာကို အား
ဖြည့်၍ တစ်လုံးတစ်ဝတည်းဖြစ်လျက် ဘုရားသခင်
အလိုရှိသည်အတိုင်း ကြီးထွားလာ၏။

၂၀ သင်တို့သည် ခရစ်တော်နှင့်အတူ အသေခံ
သည်ဖြစ်၍ ဤလောက၏ အချည်းနှီးသောအုပ်စိုး
ခြင်းတရားမှ လွတ်မြောက်ခြင်းသို့ ရောက်ကြ၏။
သို့ဖြစ်လျှင်သင်တို့သည်အဘယ်ကြောင့်ဤလောက
နှင့်စပ်ဆိုင်သေးသကဲ့သို့ ပြုမူကြပါသနည်း။ သင်
တို့သည် လောကီတရားနောက်သို့ အဘယ်ကြောင့်
လိုက်ကြသနည်း။ ၂၁ ထိုတရားမှာ “ဤအရာကို
မစားနှင့်” “ထိုအရာကို မမြည်းစမ်းနှင့် မထိနှင့်”စ
သည်တို့ဖြစ်၏။ ၂၂ ထိုအုပ်စိုးခြင်းတရားသည် မြေကြီး
အရာများကိုသာ သက်ဆိုင်၍ ခဏသာတည်၏။
၎င်းတို့မှာ လူတို့၏ ပညတ်ချက်နှင့် သွန်သင်ချက်
မျှသာဖြစ်၏။ ဘုရားသခင်ထံတော်မှ မဟုတ်။ ၂၃ ထို
တရားသည် ကောင်းဟန်ရှိကြ၏။ သို့သော်လည်း
လူလုပ်သော ဘာသာတရားသာဖြစ်၍ လူတို့၏ကိုယ်
ခန္ဓာများကို နှိပ်စက်ရန် နှိမ့်ချခြင်းသာဖြစ်၏။ သို့
သော်လည်း ထိုတရားတို့သည် လူတို့အား ဆိုးညစ်
သောအရာများကို ပြုခြင်းမှ မတားဆီးနိုင်။ လူတို့ပြု
သော အပြစ်နှင့်ပြည့်သော ဇာတိပကတိစိတ်အလို
မှလည်း မရပ်တန့်စေနိုင်ပါ။

**ခရစ်တော်၌ သင်တို့၏အသစ်သောအသက် တာ**

၃ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်
ကြပြီဖြစ်၏။ ထို့ကြောင့် ကောင်းကင်နိုင်ငံ၌
ရှိသော အရာများကို ရရှိရန် ကြိုးစားကြပါ။ ထိုသို့ဆို
သော် ခရစ်တော်သည် ဘုရားသခင်၏လက်ျာတော်
ဘက်၌ ထိုင်နေတော်မူသည့်အရာများကို ဆိုလို၏။
၂ ကောင်းကင်အရာများကိုသာ စဉ်းစားကြပါ။ ၃ မြေ
ကြီးပေါ်အရာများကို မစဉ်းစားကြနှင့်။ သင်တို့၏
ဇာတိပကတိလူဟောင်းသည် သေပြီးဖြစ်၏။ သင်
တို့၏ အသစ်သောအသက်တာမှာ ခရစ်တော်အား
ဖြင့် ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ၄ ခရစ်
တော်သည် သင်တို့၏အသက်ဖြစ်၏။ သူသည် တစ်

ဖန်ပြန်ကြွလာသောအခါ သင်တို့သည်လည်း သူ၏
ဘုန်းအသရေတော်ကို မျှဝေခံစားရကြလိမ့်မည်။
၅ ထို့ကြောင့် ဆိုးညစ်သောအရာအားလုံးကိုသင်
တို့၏ အသက်တာအပြင်ဘက်၌ ဖယ်ထားကြပါ။
လိင်နှင့်သက်ဆိုင်သောအပြစ်ကျူးလွန်ခြင်း၊ ဆိုး
သောအမှုကိုပြုခြင်း၊ မကောင်းသောအကြံအစည်တို့
က သင့်ကို ထိန်းချုပ်ရန် အခွင့်ပေးခြင်း၊ ဆိုးညစ်
သောအရာများကို အလိုရှိခြင်း၊ အစဉ်မပြတ်အတ္တ
ဆန်စွာလိုလားတပ်မက်ခြင်း စသည်တို့ဖြစ်၏။ ဤ
အလိုဆန္ဒရှိခြင်းသည် အမှန်စင်စစ် မှားယွင်းသော
ဘုရားကို အစေခံရန် အသက်ရှင်ခြင်းကို ဆိုလို၏။
၆ ဤအရာများတို့သည် ဘုရားသခင်ကို အမျက်
ထွက်စေ၏။ ၇ လွန်ခဲ့သောအချိန်က သင်တို့၏ ဆိုး
ညစ်သောအသက်တာ၌ ဤအရာအားလုံးကို သင်
တို့သည် ပြုခဲ့ကြ၏။
၈ သို့သော်လည်း ယခုတွင် အမျက်ထွက်ခြင်း၊
အလွန်စိတ်ဆိုးခြင်း၊ အခြားသောသူတို့အားနာကျင်
ထိခိုက်စေသောအရာများကိုပြုလုပ်ခြင်းသို့မဟုတ်
ပြောဆိုခြင်း၊ သင်တို့ ပြောဆိုသောအခါ ဆိုးညစ်
သောစကားလုံးများကို အသုံးပြုခြင်းစသည်တို့ကို
သင်တို့၏အသက်တာများမှ နှုတ်ပယ်ကြပါ။ ၉ အ
ချင်းချင်း လိမ်ညာသောစကားကို မပြောကြနှင့်။
အဘယ်ကြောင့်ဆိုသော် သင်တို့၏ ဇာတိပကတိ
အသက်တာဟောင်းနှင့် ယခင်က ပြုခဲ့သောအရာ
များကို သင်တို့သည် စွန့်ပြီးဖြစ်၏။ ၁၀ သင်သည်
အသစ်သောအသက်တာတွင် အသက်ရှင်ရန် အစ
ပြုပြီးဖြစ်၏။ သင်၏အသစ်သောအသက်တာ၌ သင်
သည် အသစ်ပြုပြင်ပြီးဖြစ်၏။ သင်သည် သင့်အား
ဖန်ဆင်းသောသူကဲ့သို့ ဖြစ်လာ၏။ ဤအသစ်သော
အသက်တာသည် သင့်အား ဘုရားသခင်၏ စစ်မှန်
သောသိက္ခမ်းခြင်းဉာဏ်ကို ပေးတော်မူ၏။ ၁၁ အ
သစ်သောအသက်တာထဲ၌ ဂရိလူမျိုးနှင့် ဂျူးလူမျိုး
တို့အကြား၌ ခြားနားခြင်း အလျှင်းမရှိတော့ချေ။
အရေဖျားလှီးခြင်းကို ခံသောသူတို့နှင့် မခံသော
သူတို့ကြား၌လည်းကောင်း၊ အချို့သော နိုင်ငံရပ်ခြား
မှ လာကြသောသူများ၊ သကုသိလူမျိုးတို့၌လည်း
ကောင်း ခြားနားခြင်း အလျှင်းမရှိ။ သို့သော်လည်း
ထိုယုံကြည်သူများအားလုံးအထဲ၌ ခရစ်တော် ရှိ၏။
ခရစ်တော်သည် ထိုအရာအားလုံးတို့တွင် အရေး
အကြီးဆုံးဖြစ်၏။
၁၂ ဘုရားသခင်သည် သင်တို့ကို ရွေးကောက်
တော်မူ၍ သင်တို့အား မိမိ၏သန့်ရှင်းသောသူများ
ဖြစ်စေတော်မူ၏။ သူသည် သင်တို့ကို ချစ်တော်မူ
၏။ ထို့ကြောင့် ဤအရာများကို အစဉ်မပြတ် လုပ်
ဆောင်ကြပါ။ လူတို့အား ကရုဏာတော်ကို ထင်ရှား
စေကြပါ။ သနားစုံမက်ခြင်း၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်
မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ထင်ရှားစေကြပါ။
၁၃ အချင်းချင်းတစ်ယောက်ကို တစ်ယောက်အမျက်
မထွက်ကြနှင့်။ ခွင့်လွှတ်ခြင်းရှိကြပါ။ အခြားသော
သူက သင့်ကို ဆန့်ကျင်၍ အမှားပြုသော် ထိုသူကို
ခွင့်လွှတ်ပါ။ သခင်ဘုရားသည် သင်တို့ကို ခွင့်
လွှတ်တော်မူသည်ဖြစ်၍ အခြားသောသူတို့ကိုလည်း
ခွင့်လွှတ်ကြပါ။ ၁၄ ဤအရာတို့ကို ပြုကြပါ။ သို့ရာ
တွင် အရေးအကြီးဆုံးမှာ အချင်းချင်းချစ်ခြင်းဖြစ်
သည်။ ချစ်ခြင်းမေတ္တာသည် သင်တို့အား တစ်လုံး
တစ်ဝတည်းဖြစ်စေရန် စုစည်းပေးသည်။ ၁၅ ခရစ်
တော်သည် သင်တို့အား ပေးသောငြိမ်သက်ခြင်း
အားဖြင့် သင်တို့၏ စိတ်နှလုံးအထင်များကို ထိန်း
ချုပ်စေပါ။ သင်တို့ အားလုံးတို့သည် ကိုယ်ခန္ဓာ
တစ်ခုတည်း၌ ငြိမ်သက်ခြင်းရှိစေရန် ခေါ်တော်မူ
ခြင်းကို ခံရသောသူဖြစ်ကြ၏။ အစဉ်မပြတ်ကျေးဇူး
တော်ကို ချီးမွမ်းကြပါ။ ၁၆ ခရစ်တော်သွန်သင်သော
တရားတော်ကို သင်တို့အထဲ၌ ကြွယ်ဝစွာ ရှင်သန်
စေပါ။ ပညာအမျိုးမျိုးဖြင့် အချင်းချင်းသွန်သင်
လမ်းပြကြပါ။ ဆာလံသီချင်း၊ ဓမ္မသီချင်း၊ ဝိညာဉ်
ပိုင်းဆိုင်ရာသီချင်းများကို သီဆိုခြင်းဖြင့် သင်တို့
၏စိတ်နှလုံးထဲ၌ ဘုရားသခင်ကို ချီးမွမ်းကြပါ။
၁၇ သင်တို့ပြောဆိုသမျှသောအရာခပ်သိမ်းနှင့် သင်
တို့ပြုသောအရာခပ်သိမ်းတို့သည် သင်တို့၏သခင်
*(ဆရာ)* ဖြစ်တော်မူသော ယေရှုအတွက်သာ ဖြစ်
စေကြပါ။ သင်တို့ ပြုသမျှသောအရာအားလုံးတို့၌
ယေရှုအားဖြင့် အဖခမည်းတော်ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းကြပါ။

**အခြားသောသူတို့နှင့် သင်၏အသစ်သော
အသက်တာ**

၁၈ ဇနီးမယားများတို့၊ လင်ယောကျ်ားတို့၏အုပ်စိုး
ခြင်းအာဏာ *(နာခံခြင်း)* အောက်၌ ရှိကြပါ။ ထို
အရာသည် သခင်ဘုရား၌ပြုရန် ဖြောင့်မတ်သော
အရာဖြစ်၏။
၁၉ လင်ယောကျ်ားတို့၊ သင်တို့၏ ဇနီးမယားတို့
ကို ချစ်ကြပြီးသူတို့အပေါ် နူးညံ့သိမ်မွေ့ခြင်းရှိကြပါ။
၂၀ သားသမီးတို့၊ ခပ်သိမ်းသောအရာအားလုံး
တို့၌ သင်တို့၏ မိဘများကို နာခံကြပါ။ ဤအရာ
သည် သခင်ဘုရားကို နှစ်သက်စေတော်မူ၏။

၂၁ဖခင်များတို့၊ သင်တို့၏ သားသမီးများကို
အလိုမကျ၊ စိတ်ညစ်စေကာ အသုံးမရဖြစ်စေရန်
မပြုကြနှင့်။ သင်တို့သည် အလွန်ကြမ်းတမ်းစွာပြု
ကြလျှင် သူတို့သည် အားလျော့စိတ်ပျက်ခြင်းသို့
ရောက်ကာ ထွက်ပြေးရန် ကြိုးစားကြပါလိမ့်မည်။
၂၂ အစေခံများတို့၊ ခပ်သိမ်းသောအရာတို့၌
သင်တို့၏သခင်များကိုနာခံကြပါ။ သင်တို့ကို မမြင်
နိုင်သည့်အချိန်၌ပင်လျှင် နာခံကြပါ။ ထိုသို့ ပြုခြင်း
သည် လူတို့အား ကျေနပ်စေခြင်းမဟုတ်ဘဲ ဘုရား
သခင်၏ စိတ်တော်နှင့်တွေ့စေခြင်းငှာ ပြုခြင်းဖြစ်
၏။ ထို့ကြောင့် ရိုးသားစွာ နာခံပါ။ အကြောင်းမှာ
ဘုရားသခင်ကိုရိုသေအလေးထားခြင်းဖြစ်၏။ ၂၃သင်
တို့ပြုသမျှသောအရာအားလုံးတို့တွင် သင်တို့တတ်
နိုင်သမျှအတိုင်း အကောင်းဆုံးပြုကြပါ။ သခင်ဘုရား
၏အမှုကို ဆောင်ရွက်သကဲ့သို့ ပြုပါ။ လူတို့အတွက်
လုပ်ဆောင်သကဲ့သို့ မပြုကြနှင့်။ ၂၄ သင်တို့၏ ဆု
လာဘ်များကိုသခင်ဘုရားထံတော်မှရမည်အကြောင်း
ကို အောက်မေ့ကြပါ။ သူသည် မိမိ၏လူတို့အား
ပေးတော်မူသောကတိအတိုင်း သင်တို့ကို ပေး
တော်မူလိမ့်မည်။ သင်တို့သည် သခင်ခရစ်တော်
၏အမှုကို ဆောင်ရွက်ကြ၏။ ၂၅ မှားယွင်းစွာပြုသော
သူတို့သည် ထိုအမှားအတွက် အပြစ်ဒဏ်ပေးခြင်း
ကို ခံရလိမ့်မည်အကြောင်း အောက်မေ့သတိရကြ
ပါ။ သခင်ဘုရားသည် ခပ်သိမ်းသော သူတို့အား
တူညီစွာစီရင်တော်မူ၏။
၄ သခင်များတို့ သင်တို့၏အစေခံကျွန်များအား
ကောင်းသောအရာနှင့် ဖြောင့်မတ်၍ တရားမျှ
တသောအရာတို့ကို ပေးကြပါ။ သင်တို့သည်
ကောင်းကင်ဘုံ၌ သခင်တစ်ပါး ရှိတော်မူသည်ကို
အောက်မေ့ကြပါ။

**ခရစ်ယာန်များ တစ်စုံတစ်ခုပြုရန် ပေါလုပြောခြင်း**

၂ ဆုတောင်းပတ္ထနာပြုခြင်းအမှုကို အမြဲပြုကြ
ပါ။ သင်တို့သည်ဆုတောင်းသောအခါ အစဉ်မပြတ်
ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြပါ။ ၃ ငါ
တို့အတွက်လည်း ဆုတောင်းပေးကြပါ။ ဘုရားသ
ခင်သည် ငါတို့အား မိမိ၏တရားတော်ကို လူတို့၌
ဟောပြောရသော အခွင့်ကို ပေးတော်မူပါမည်
အကြောင်း ဆုတောင်းပေးကြပါ။ ဘုရားသခင်သည်
ခရစ်တော်အကြောင်းကိုသိစေတော်မူမည်အကြောင်း
လျှို့ဝှက်နက်နဲသော သမ္မာတရားကို ငါတို့သည်
ဟောပြောနိုင်ကြပါမည်အကြောင်းဆုတောင်းပေးကြ
ပါ။ ငါသည် ဤသမ္မာတရားကို ဟောပြောရသော
ကြောင့် အကျဉ်းထောင်၌ ချည်နှောင်ခြင်းကို ခံရ
၏။ ၄ ငါသည် ဤသမ္မာတရားကို လူတို့အား ရှင်း
လင်းထင်ရှားစေနိုင်မည်အကြောင်းဆုတောင်းပေး
ကြပါ။
၅ ထိုအရာမှာ ငါပြုရမည့်အမှုပင်ဖြစ်၏။ ယုံကြည်
သူများမဟုတ်ကြသော ထိုသူတို့နှင့် ပြောဆိုဆက်ဆံ
ရာတွင် ပညာသတိရှိပါ။ သင်တို့၏အချိန်နာရီများ
ကို သင်တို့တတ်နိုင်သမျှအကောင်းဆုံး အသုံးပြု
ကြပါ။ ၆ သင်တို့သည် စကားပြောကြသောအခါ
အစဉ်နူးညံ့သိမ်မွေ့၍ ပညာသတိရှိကြပါ။ ထိုနောက်
သင်တို့သည် ခပ်သိမ်းသောသူတို့အား သင်တို့
ပြန်ပြောသင့်သည်အတိုင်း ပြောဆိုရန် တတ်နိုင်
ကြပါလိမ့်မည်။

**ပေါလုနှင့် လူတို့အကြောင်း သတင်း**

၇ တုခိတ်သည် ခရစ်တော်၌ ငါချစ်သော ညီ
ဖြစ်၏။ သူသည် သစ္စာရှိသောဆရာတစ်ပါးဖြစ်၍
သခင်ဘုရား၌ ငါနှင့်အတူ အစေခံလျက်ရှိ၏။ သူ
သည် သင်တို့အား ငါ၌ ဖြစ်ပျက်သောအရာများ
အားလုံးတို့ကို ပြောပြလိမ့်မည်။ ၈ ထိုအကြောင်း
ကြောင့် ငါသည် သူ့ကိုစေလွှတ်၏။ ငါတို့သည်
အဘယ်သို့ရှိသည်ကို သင်တို့သိစေရန် ငါအလိုရှိ
၏။ သင်တို့အား တိုက်တွန်းနှိုးဆော်၍ ခွန်အားနှင့်
ပြည့်စုံစေရန် ငါသည် သူ့ကို စေလွှတ်ရ၏။ ၉ ငါ
သည် သူ့ကို ဩနေသိမ်နှင့်အတူ စေလွှတ်၏။ ဩ
နေသိမ်သည် သစ္စာရှိသောသူတစ်ယောက်ဖြစ်၍
ခရစ်တော်၌ ညီအစ်ကိုလည်းဖြစ်၏။ သူသည် သင်
တို့ထဲမှဖြစ်၏။ တုခိတ်နှင့် ဩနေသိမ်တို့သည် ဤ
နေရာ၌ဖြစ်ပျက်ခဲ့သမျှသော အရာအားလုံးတို့ကို
သင်တို့အား ပြောပြပါလိမ့်မည်။
၁၀ အာရိတ္တာခုသည် နှုတ်ဆက်၏။ သူသည် ငါ
နှင့်အတူ အကျဉ်းခံရ၏။ ဗာနဗ၏တူ မာကုသည်
လည်း နှုတ်ဆက်၏။ (မာကုအား အဘယ်သို့ ပြုရ
မည်အကြောင်းကို ငါသည်သင်တို့အားပြောနှင့်ပြီ။
သူလာလျှင် သူ့ကို လက်ခံကြိုဆိုပါ။)
၁၁ ယေရှု *(ယုတ္တုဟုလည်း ခေါ်၏)*သည် နှုတ်
ဆက်၏။ ဤသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်
အတွက် ငါနှင့်အတူလုပ်ဆောင်သော ဂျူးလူမျိုး
ယုံကြည်သူများဖြစ်ကြ၏။ သူတို့သည် ငါ့အားသက်
သာစေကြပြီ။
၁၂ ဧပေဖြ သည်လည်း နှုတ်ဆက်၏။ သူသည်
ယေရှုခရစ်တော်၏အစေခံကျွန်တစ်ပါးဖြစ်၏။ သူ
သည်လည်းသင်တို့အထဲကဖြစ်၏။ သူသည်သင်တို့

အတွက် အစဉ်မပြတ်ဆုတောင်း၏။ သင်တို့သည်
ကြီးထွားး၍ဝိညာဉ်ပိုင်းဆိုင်ရာ၌ရင့်ကျက်(စုံလင်)
ကြရန် ဘုရားသခင်သည် သင်တို့အတွက် အလိုရှိ
သောအရာခပ်သိမ်းတို့ကို သင်တို့ပိုင်ဆိုင်စေရန်
သူသည် ဆုတောင်း၏။ [၁၃] သူသည် သင်တို့အတွက်
သော်လည်းကောင်း၊ လောဒိကိမြို့၌ရှိသောသူတို့
အတွက်သော်လည်းကောင်း၊ ဟေရပေါလိမြို့၌ ရှိ
သောသူတို့အတွက်သော်လည်းကောင်း ကြိုးစား၍
အလုပ်လုပ်နေသည်ကို ငါသိ၏။ [၁၄] ဒေမနှင့် ငါ
တို့ချစ်သော ဆရာဝန်လုကာတို့သည်လည်း နှုတ်
ဆက်၏။

[၁၅] လောဒိကိမြို့၌ရှိသော ညီအစ်ကိုမောင်နှမ
များအား နှုတ်ဆက်ကြပါ။ နံဖနှင့် သူမ၏ အိမ်၌
စည်းဝေးလျက်ရှိကြသော အသင်းတော်ကိုလည်း
နှုတ်ဆက်ကြပါ။ [၁၆] ဤစာကို သင်တို့ဖတ်ရှုပြီး
သည့်နောက် လောဒိကိမြို့၌ရှိသော အသင်းတော်
ကိုလည်း ဖတ်စေကြပါ။ လောဒိကိမြို့သို့ ငါရေး
သောစာကိုလည်း သင်တို့ ဖတ်ကြပါ။ [၁၇] "သခင်
ဘုရားသည် သင့်အား အပ်ပေးတော်မူသောအမှု
အရာကို ပြည့်စုံစေ ရန် သတိပြုပါ"ဟူ၍ အာခိပ္ပုကို
လည်း ပြောကြပါ။ ငါသည်လည်း နှုတ်ဆက်၏။
ငါပေါလုသည် ဤနှုတ်ဆက်သောစာကို ငါ၏လက်
ဖြင့် ကိုယ်တိုင်ရေး၏။ ငါသည် အကျဉ်းထောင်ထဲ
၌ရှိသည်ကို အောက်မေ့ကြပါ။ ဘုရားသခင်၏
ကျေးဇူးတော်*(ကြင်နာခြင်း)*သည် သင်တို့၌ ရှိပါ
စေသော။ အာမင်

ကောလောသဲဩဝါဒစာပြီး၏